**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

**ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်**

**ညွှန်ကြားချက် (၆/၂၀၁၆)**

**ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများ၏ ငွေချေးသက်သေခံလက်မှတ်အကျိုးဆောင်လုပ်ငန်းအတွက် အကျိုးဆောင်ခများကောက်ခံရန်အမိန့်ကြော်ငြာစာကို တိကျစွာလိုက်နာရန်ကိစ္စ**

**၁၃၇၈ ခုနှစ်၊ ကဆုန်လဆန်း (၁၃) ရက်**

**၂၀၁၆ ခုနှစ်၊ မေလ ၁၉ ရက်**

၁။ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်သည် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများ၏ အလုပ်ချိန်နှင့် ငွေချေးသက်သေခံလက်မှတ်အကျိုးဆောင်လုပ်ငန်းအတွက် အကျိုးဆောင်ခများသတ်မှတ်ခြင်းကို ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၂၀ ရက် နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၁၅) ဖြင့်ထုတ်ပြန်ထားပါသည်။

၂။ ၁၃-၅-၂၀၁၆ နေ့တွင် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများ၊ ရန်ကုန်စတော့အိပ်ချိန်းနှင့် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်တို့ တွေ့ဆုံပြုလုပ်သည့် အစည်းအဝေးတွင် ဆွေးနွေးချက်များအရ အချို့သောငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများသည် ကော်မရှင်ခများကောက်ခံရာတွင် အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၁၅) ဖြင့်သတ်မှတ်ထားချက်များထက် ပိုမို၍ကောက်ခံနေကြောင်း သိရှိရပါသည်။

၃။ ယခုအချိန်သည် စာရင်းဝင်ကုမ္ပဏီများ၏ ငွေချေးသက်သေခံလက်မှတ်များကို ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများနှင့် ရန်ကုန်စတော့အိပ်ချိန်းမှတဆင့်အရောင်းအဝယ်ပြုလုပ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်နေချိန်ဖြစ်၍ လိုင်စင်ရငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများအနေဖြင့် ကော်မရှင်ခများကောက်ခံကြရာတွင် ဤကော်မရှင်၏ညွှန်ကြားချက်များကို တိကျစွာလိုက်နာရန်လိုအပ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ကော်မရှင်ခများကောက်ခံခြင်းနှင့်ပတ်သက်၍ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်၏ အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၁၅) တွင်သတ်မှတ်ထားသည့် နှုန်းထားများအတိုင်းတိကျစွာလိုက်နာရန်လိုအပ်ကြောင်းနှင့် လိုက်နာမှုမရှိပါက ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီဆောင်ရွက်မည်ဖြစ်ကြောင်းအကြောင်းကြားပါသည်။

(မောင်မောင်ဝင်း)

ဥက္ကဋ္ဌ